# Sixteenth Sunday  in Ordinary Time

## 1st READING:  *Wisdom: 12: 13, 16-19*

ပညာပါရမီကျမ်း ၁၂း ၁၃၊ ၁၆–၁၉

ကိုယ်တော်သည်မည်သူ့ကိုမျှမတရားသဖြင့်အပြစ်မစီရင်ကြောင်းကိုလည်းမည်သူအားမျှသက်သေပြစရာမလိုပေ။ အကြောင်းမူကား၊ကိုယ်တော်၏အားတန်ခိုးတော်သည်တရားမျှတခြင်း၏အကြောင်းရင်းဖြစ်၍အရာခပ်သိမ်းကိုသနားညှာတာသောသခင်ဖြစ်စေ၏။ လူတို့သည်ကိုယ်တော့်အားတန်ခိုးတော်၏စုံလင်ခြင်းကိုယုံမှားသံသယဖြစ်ကြသောအခါကိုယ်တော်သည်တန်ခိုးတော်ကိုထုတ်ဖော်ပြတော်မူ၏။ သို့ရာတွင်ခွန်အားတန်ခိုး၏အရှင်သခင်ဖြစ်တော်မူသောကိုယ်တော်သည်သနားကြင်နာစွာတရားစီရင်တော်မူပြီး၊သနားညှာတာစွာအုပ်ချုပ်တော်မူ၏။ အကြောင်းမူကား၊ ကိုယ်တော်အလိုရှိတော်မူသည့်အချိန်တွင်အသုံးပြုရန်တန်ခိုးအာဏာတော်သည်ကိုယ်တော၏လက်တွင်းမှာအဆင်သင့်ရှိနေတော်မူ၏။ဤသို့ပြုခြင်းဖြင့်ဖြောင့်မတ်သောသူသည်သနားကြင်နာသူဖြစ်ရမည့်အကြောင်းကိုယ်တော်သည်မိမိလူမျိုးတော်အားသင်ကြားပေးတော်မူ၏။ ကိုယ်တော်သည်သူတို့၏အပြစ်များအတွက်နောင်တသံဝေဂရခြင်းကိုခွင့်ပြုတော်မူမည့်အကြောင်းကိုယ်တော်၏သားသမီးများအားကောင်းသောမျှော်လင့်ခြင်းကိုပေးသနားတော်မူ၏။

**Responsorial Psalm  Psalm  86: 5-6, 9-10, 15-16**

ဆာလံကျမ်း    ၈၆း ၅–၆၊  ၉–၁၀၊  ၁၅–၁၆

၅–၆။ အိုထာဝရဘုရားကိုယ်တော်သည်ကောင်းမြတ်တော်မူ၍အခွင့်လွှတ်တော်မူတတ်သောအရှင်ဖြစ်သည်နှင့်အညီကိုယ်တော်ကိုချဉ်းကပ်သောသူအပေါင်းတို့အပေါ်ကရုဏာမေတ္တာတော်နှင့်ပြည့်ဝတော်မူ၏။အိုထာဝရဘုရားတပည့်တော်၏ဆုတောင်းပတ္ထနာကိုနားညောင်းတော်မူပါ။တပည့်တော်၏အော်ဟစ်တောင်းလျှောက်သံကိုကြားနာတော်မူပါ။

၉–၁၀။ အိုထာဝရဘုရားကိုယ်တော်ဖန်ဆင်းတော်မူသောလူမျိုးအပေါင်းတို့သည်ကိုယ်တော့်ရှေ့တော်သို့လာရောက်၍ပျပ်ဝပ်ရှိခိုးကြပါလိမ့်မည်။ ကိုယ်တော်၏နာမတော်အားချီးမွမ်းထောမနာပြုကြပါလိမ့်မည်။ အကြောင်းမူကားကိုယ်တော်သည်ကြီးမြတ်တော်မူ၍အံ့ဖွယ်ရာအမှုတို့ကိုပြုတော်မူပါ၏။ ကိုယ်တော်တစ်ပါးတည်းသာလျှင်ဘုရားဖြစ်တော်မူ၏။

၁၅–၁၆။အသက်ဘေးရန်ကိုရှာကြပါသည်။သို့သော်အိုထာဝရဘုရားကိုယ်တော်သည်သနားကြင်နာတတ်သော၊ကျေးဇူးပြုတတ်သော၊စိတ်ရှည်သည်းခံတော်မူသော၊မေတ္တာတရားနှင့်ပြည့်ဝတော်မူသော၊သစ္စာတော်ရှိသောဘုရားသခင်ဖြစ်တော်မူပါ၏။တပည့်တော်ကိုလှည့်ကြည့်တော်မူ၍သနားတော်မူပါ။ကိုယ်တော်၏အစေခံကိုခွန်အားပေးတော်မူပါ။ ကိုယ်တော့်အစေခံမ၏သားကိုကယ်တော်မူပါ။

## 2nd READING: Romans 8: 26-27

ရောမသြဝါဒစာ **၈း ၂၆–၂၇**

ထိုနည်းတူဝိညာဉ်တော်သည်လည်းအားနည်းသောငါတို့အားကူညီမစတော်မူ၏။ ငါတို့သည်မည်ကဲ့သို့ဆုတောင်းကြရမည်ကိုလည်းမသိကြ။ သို့သော်ထိုဝိညာဉ်တော်သည်နှုတ်ဖြင့်မဖော်ပြနိုင်သောညည်းတွားသံဖြင့်ဘုရားသခင်ထံတော်သို့အသနားခံတော်မူ၏။လူတို့၏စိတ်နှလုံးကိုစစ်ကြောသိမြင်တော်မူသောဘုရားသခင်သည်ဝိညာဉ်တော်၏စိတ်သဘောကိုလည်းသိတော်မူ၏။အကြောင်းမူကားဝိညာဉ်တော်သည်ဘုရားသခင်၏အလိုတော်နှင့်အညီသန့်ရှင်းသောသူတို့အတွက်အသနားခံတော်မူသောကြောင့်ဖြစ်၏။

## **GOSPEL:** ***Matthew 13: 24-43***

ရှင်မာတေဦး ဧဝံဂေလိကျမ်း **၁၃း ၂၄–၄၃**

သခင်ယေရှုးသည်အခြားသောပုံဥပမာကိုခိုင်းနှိုင်း၍မိန့်တော်မူပြန်သည်မှာ၊ ကောင်းကင်နိုင်ငံတော်သည်မိမိလယ်၌မျိုးစေ့ကြဲသောသူနှင့်တူ၏။ သို့ရာတွင်လူတို့အိပ်ပျော်နေချိန်၌ရန်သူသည်လာ၍တောမျိုးစေ့ကိုဂျုံစပါးအလယ်၌ကြဲ၍ထွက်ခွာသွားလေ၏။ အပင်ငယ်လေးများပေါက်လာပြီးအနှံထွက်သောအခါတောရိုင်းပင်များလည်းပေါ်ထွက်လာလေ၏။ အစေခံတို့သည်လယ်ပိုင်ရှင်ထံသို့လာ၍၊သခင်၊ကောင်းသောမျိုးစေ့ကိုသင်၏လယ်၌ကြဲခဲ့သည်မဟုတ်ပါလော၊သို့ဖြစ်လျှင်တောရိုင်းပင်တို့သည်မည်သို့ရောက်ရှိလာပါသနည်းဟုမေးမြန်းကြ၏။ လယ်ပိုင်ရှင်ကဤလုပ်ရပ်မှာရန်သူ၏လက်ချက်ပင်ဖြစ်၏ဟုဆိုလျှင်အစေခံများကကျွန်တော်တို့သည်သွား၍နုတ်ပစ်ရန်အလိုရှိပါသလောဟုမေးမြန်းကြ၏သို့သော်လယ်ပိုင်ရှင်ကငါအလိုမရှိ၊ တောပင်တို့ကိုရှင်းပစ်ကြလျှင်ဂျုံစပါးကိုလည်းအတူနုတ်မိလိမ့်မည်ကိုစိုးရိမ်ရ၏။ ဂျုံစပါးရိတ်သည့်ကာလတိုင်အောင်နှစ်မျိုးစလုံးကြီးထွားပါလေစေ။ ရိတ်သိမ်းချိန်အခါ၌ပေါင်းပင်တို့ကိုဦးစွာနုတ်၍မီးရှို့ရန်စည်းထားကြလော့။ ဂျုံစပါးကိုမူငါ၏ကျီထဲသို့လှောင်ထားကြလော့ဟုရိတ်သိမ်းသောသူတို့အားငါမှာထားမည်ဟူ၍မိန့်တော်မူ၏။ သခင်ယေရှုးသည်အခြားသောပုံဥပမာကိုခိုင်းနှိုင်း၍တစ်ဖန်မိန့်တော်မူသည်မှာကောင်းကင်နိုင်ငံတော်သည်ကားလူတစ်ဦးသည်မုန်ညှင်းစေ့ကိုယူ၍မိမိယာခင်း၌စိုက်ထားသောမုန်ညင်းစေ့နှင့်တူ၏။ထိုအစေ့သည်အစေ့တကာတို့တွင်အငယ်ဆုံးဖြစ်သော်လည်းကြီးထွားလာသောအခါအပင်ငယ်အပေါင်းတို့ထက်ကြီးသဖြင့်မိုးကောင်းကင်ငှက်တို့သည်လာ၍အကိုင်းအခက်တို့၌နားနေမှီခိုလောက်သောအပင်တစ်ပင်ဖြစ်လာသည်ဟုမိန့်တော်မူ၏။အခြားသောဥပမာကိုခိုင်းနှိုင်း၍မိန့်မြွက်တော်မူသည်မှာကောင်းကင်နိုင်ငံတော်သည်တဆေးနှင့်တူ၏။မိန်းမတစ်ဦးသည်ထိုတဆေးကိုယူ၍မုန့်ညက်သုံးတင်း၌ထည့်သဖြင့်မုန့်ညက်ရှိသမျှကိုဖောင်းကြွစေတတ်သည်ဟုမိန့်တော်မူ၏။သခင်ယေရှုးသည်ဤအကြောင်းအရာများကိုပုံဥပမာများအားဖြင့်လူအစုအဝေးတို့အားဟောပြောတော်မူ၏ပုံဥပမာမပါဘဲမည်သည့်အကြောင်းအရာကိုမျှဟော တော်မမူ။ ဤသို့ဟောကြားရခြင်းအကြောင်းကားငါသည်ပုံဥပမာခိုင်းနှိုင်း၍၊နှုတ်ကိုဖွင့်ဟမြွက်ဆိုမည်၊ကမ္ဘာတည်စမှဖုံးကွယ်လျှက်ရှိသောအရာများကိုငါထုတ်ဖော်ပြောဆိုမည်ဟူသောပရောဖက်ဟောထားချက်သည်ပြည့်စုံခြင်းသို့ရောက်လေသတည်း။ ထို့နောက်ကိုယ်တော်သည်လူအစုအဝေးထံမှထွက်ခွာ၍အိမ်ထဲသို့ဝင်တော်မူ၏။ တပည့်တော်တို့သည်လည်းအထံတော်သို့ချဉ်းကပ်၍၊ပေါင်းပင်များ၏ပုံဥပမာကိုမိမိတို့အားရှင်းပြတော်မူပါဟုလျှောက်ထားကြ၏။ကိုယ်တော်ကလည်းကောင်းသောမျိုးစေ့ကိုကြဲသောသူသည်လူသားဖြစ်၏။လယ်ခင်းကားဤကမ္ဘာလောကပေတည်း။ ကောင်းသောမျိုးစေ့သည်ကားနိုင်ငံတော်သားများဖြစ်ကြ၏။ပေါင်းပင်များကားနတ်ဆိုး၏နောက်လိုက်များဖြစ်ကြ၏။တောမျိုးစေ့များကိုကြဲသူသည်နတ်ဆိုးပင်ဖြစ်၏။ စပါးရိတ်သောအချိန်ကားဤကမ္ဘာကုန်သောကာလဖြစ်၏။စပါးရိတ်သောသူများသည်ကားကောင်းကင်တမန်များဖြစ်ကြ၏။ သို့ဖြစ်၍ပေါင်းပင်များကိုစုသိမ်းပြီးမီးရှို့ရသကဲ့သို့ကမ္ဘာကုန်သောကာလ၌လည်းထိုနည်းတူဖြစ်လိမ့်မည်။ လူသားသည်မိမိကောင်းကင်တမန်တော်တို့ကိုစေလွှတ်တော်မူ၍သူတို့သည်မှားယွင်းစေသောအရာရှိသမျှနှင့်အပြစ်ကျူးလွန်သူအားလုံးကိုကိုယ်တော်၏နိုင်ငံတော်မှထုတ်ပယ်၍တောက်လောင်နေသောမီးဖိုထဲသို့ပစ်ချလိမ့်မည်။ ထိုနေရာ၌လူတို့သည်ငိုကြွေးမြည်တမ်း၍အံသွားခဲကြိတ်ကြလိမ့်မည်။ ထို့နောက်ဖြောင့်မတ်သောသူတို့သည်မိမိတို့အဘ၏နိုင်ငံတော်၌နေကဲ့သို့ထွန်းလင်းလိမ့်မည်။ ကြားခြင်းငှာနားရှိသောသူကြားပါလေစေ။